အမှတ် ၇၀ ။ ။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ကျင်းပသော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၇) ၏ သဘောတူညီချက်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အသံလွှင့်ဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး (တိုင်းရင်းသား) လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဒေါ်ဂျေလုပန် အား အများပြည်သူအကျိုးငှာ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင် ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့အထိ ငြင်းပယ်လိုက်သည်။

အမှတ် ၇၁ ။ ။ အဆိုပါငြင်းပယ်ခဲ့သည့်သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၄၁/၂၀၁၇

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

( ၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက် )

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ သုတေသနဌာနခွဲ (၂) မှ လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ မြမြသောင်း အား အဆိုပါဦးစီးဌာန၊ သုတေသနဌာနခွဲ (၁) တွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဒုတိယညွှန်ကြားရေးမှူး ရာထူးနေရာသို့ တာဝန်ဝတ္တရားများ စတင် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကမ္ဘာ့အမွေအနှစ်ဆိုင်ရာအမျိုးသားကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

**ရွှေတိဂုံစေတီတော်ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (Steering Committee) ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ စာအမှတ်၊ ၇၀၈ (၁)/၁၄/သမ္မတရုံးအရ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ အမျိုးသားကော်မတီသည် ရွှေတိဂုံစေတီတော်ကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးဆောင်ရွက်မည့် လုပ်ငန်းများအား ထိရောက်စွာ ကြီးကြပ်ကွပ်ကဲနိုင်ရန် ရွှေတိဂုံစေတီတော် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (Steering Committee) ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဝန်ကြီးချုပ်<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | တိုင်းဒေသကြီးယဉ်ကျေးမှုဆိုင်ရာဝန်ကြီး<br>ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အတွင်းရေးမှူး |

၂။ ရွှေတိဂုံစေတီတော်ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ (Steering Committee) အဖွဲ့၏ လုပ်ငန်းတာဝန်များသည် အောက်ပါအတိုင်းဖြစ်သည် -

(က) ရွှေတိဂုံစေတီတော်အား ကမ္ဘာ့အမွေအနှစ်စာရင်း အောင်မြင်စွာ တင်သွင်းနိုင်ရေးအတွက် ဦးဆောင်လမ်းညွှန်မှုပြုရန်၊

(ခ) နိုင်ငံတကာမှ ချမှတ်ပြဋ္ဌာန်းထားသည့် မူဘောင်တို့နှင့်ကိုက်ညီသည့် တင်သွင်းမှုစာတွဲရေးသားခြင်း၊ စီမံခန့်ခွဲရေးအစီအစဉ်ရေးဆွဲခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းနှင့် ရေရှည်ဆောင်ရွက်ရမည့် ကိစ္စရပ်များအတွက် စိစစ်ဆုံးဖြတ်မှုပေးရန်၊

(ဂ) ရွှေတိဂုံစေတီတော်အား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းသတ်မှတ်ရန်အတွက် လိုအပ်သော အမျိုးသားအဆင့်၊ ဒေသဆိုင်ရာအဆင့်တို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆက်စပ်ခြင်းတို့ကို စီမံခန့်ခွဲမှုနှင့် ဦးဆောင်မှုပေးရန်၊

(ဃ) ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးလုပ်ငန်းစဉ်အတွက် ဆွေးနွေးညှိနှိုင်းခြင်း၊ အကောင်အထည်ဖော်ခြင်းများ ဦးဆောင်မှုပေးရန်၊

(င) ရန်ပုံငွေရရှိရေး၊ ရန်ပုံငွေအား ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ သုံးစွဲနိုင်ရေးနှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် ကြီးကြပ်စီစဉ် ညွှန်ကြားမှုပေးရန်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကမ္ဘာ့အမွေအနှစ်ဆိုင်ရာအမျိုးသားကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

**ရွှေတိဂုံစေတီတော်ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ စာအမှတ်၊ ၇၀၈ (၁)/၁၄/သမ္မတရုံးအရ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ အမျိုးသားကော်မတီသည် ရွှေတိဂုံစေတီတော်ကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေး ဆောင်ရွက်မည့်လုပ်ငန်းများအား ထိရောက်စွာဆောင်ရွက်နိုင်ရန် ရွှေတိဂုံစေတီတော် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး လုပ်ငန်းကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဦးကျော်ဦးလွင်<br>ညွှန်ကြားရေးမှူးချုပ်<br>ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဂေါပကဥက္ကဋ္ဌနှင့်အလှည့်ကျဂေါပကအဖွဲ့<br>ရွှေတိဂုံစေတီတော်၊ ရန်ကုန်မြို့ | အဖွဲ့ဝင် |
| (ဂ) | ဦးမြင့်ဦး<br>ညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဦးမိုးဇော်ရွှေ<br>ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးစိုးမင်းထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သာသနာရေးဦးစီးဌာန<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဦးညွှန့်မောင်စန်း<br>ဗဟိုအလုပ်အမှုဆောင်<br>မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း | အဖွဲ့ဝင် |

(ဆ) ဦးဆန်းဦး အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဗိသုကာအသင်း

(ဇ) ဒေါ်လှိုင်မော်ဦး အဖွဲ့ဝင်
အတွင်းရေးမှူး
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(ဈ) ဦးစိန်မော် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ည) ဦးထွန်းညွန့် အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
သာသနာရေးဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဋ) ဦးသန်းဇော်ဦး အဖွဲ့ဝင်
ညွှန်ကြားရေးမှူး၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဌ) ဦးဝင်းကြိုင် အဖွဲ့ဝင်
ကျောင်းအုပ်ကြီး၊ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဍ) ဒေါက်တာစုစု အဖွဲ့ဝင်
ပါမောက္ခ (ဌာနမှူး)
မန္တလေးနည်းပညာတက္ကသိုလ်
ပညာရေးဝန်ကြီးဌာန

(ဎ) ဒေါ်ခင်မာညို အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(ဏ) ဒေါ်မိုးမိုးလွင် အဖွဲ့ဝင်
ဒါရိုက်တာ
Yangon Heritage Trust

(တ) ဒေါ်ဥမ္မာမျိုး အဖွဲ့ဝင်
UNESCO (ရန်ကုန်ရုံးခွဲ)

(ထ) ဦးကိုကိုနိုင် အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

(ဒ) ဒေါ်ဥမ္မာအောင် တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး၊ ရန်ကုန်ဌာနခွဲ
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

၂။ ရွှေတိဂုံစေတီတော် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး လုပ်ငန်းကော်မတီအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ကမ္ဘာ့အမွေအနှစ်တင်သွင်းရေး အဆိုပြုစာ Nomination Dossier ရေးသားပြုစုနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(ခ) ရွှေတိဂုံစေတီတော်နှင့်ပတ်ဝန်းကျင်ရှိ အမွေအနှစ်အထောက်အထားများ ထိခိုက်ပျက်စီးမှုမဖြစ်စေရေးနှင့် မပျောက်မပျက်စေရေး ဒေသအဖွဲ့များနှင့် ပူးပေါင်းထိန်းသိမ်းစောင့်ရှောက်ရန်၊

(ဂ) အကြံပေးအဖွဲ့နှင့် UNESCO အဖွဲ့၏ အပြည်ပြည်ဆိုင်ရာ သတ်မှတ်ချက်များ အကြံပြုချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ဃ) ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်ရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မထိခိုက်စေရေးကာကွယ်ထိန်းသိမ်းရာတွင် ဆက်စပ်ဌာနများ ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်ရေး အခြေခံအဆင့်လုပ်ငန်းစဉ်နှင့် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(င) UNESCO က သတ်မှတ်ထားသော ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး **“မူ”** များ၊ လုပ်ငန်းစဉ်များနှင့် ဒေသခံများ လိုက်နာဆောင်ရွက်ရန်များ၊ ကန့်သတ်ချက်များ၊ စည်းကမ်းများလိုက်နာစေရန်ပညာပေးခြင်း၊ ဟောပြောခြင်း၊ အနီးကပ်ကြီးကြပ်ခြင်းများဆောင်ရွက်ရန်၊ ဒေသရှိဌာနဆိုင်ရာများသို့လည်း အသိပညာဖြန့်ဝေရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ အောင်မြင်စွာ စီမံခန့်ခွဲနိုင်ရေး ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများပါ ပူးပေါင်းပါဝင်လာစေရေးဆောင်ရွက်ရန်၊

(ဆ) ရွှေတိဂုံစေတီတော်နှင့် ပတ်ဝန်းကျင်ရှိ အမွေအနှစ်အထောက်အထားများနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များကို ဒေသအုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာများ၊ ဒေသခံများ လိုက်နာစေရန်ကြီးကြပ်ခြင်း၊ အသိပညာပေးခြင်း၊ ဟောပြောလှုံ့ဆော်ခြင်းတို့ ဆောင်ရွက်ရန်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကမ္ဘာ့အမွေအနှစ်ဆိုင်ရာအမျိုးသားကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်)

**ရွှေတိဂုံစေတီတော်ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး အကြံပေးပညာရှင်အဖွဲ့ (Advisory Team) ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၃ ရက်စွဲပါ စာအမှတ်၊ ၇၀၈ (၁)/၁၄/သမ္မတရုံးအရ ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ အမျိုးသားကော်မတီသည် ရွှေတိဂုံစေတီတော် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး အကြံပေးပညာရှင်အဖွဲ့ (Advisory Team) ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ဒေါက်တာတိုးလှ
ဒုတိယဥက္ကဋ္ဌ
မြန်မာသမိုင်းအဖွဲ့

(ခ) ဒေါက်တာကျော်ဝင်း
အတွင်းရေးမှူး
မြန်မာသမိုင်းအဖွဲ့

(ဂ) ဦးစန်းဝင်း
ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန

(ဃ) ဦးသောင်းထိုက်
ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင် (စီမံ)

(င) ဦးအောင်သိန်းညွန့်
ဒုတိယညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား)
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန

(စ) ဦးတင်အောင်ထွန်း
ညွှန်ကြားရေးမှူး (ငြိမ်း)
သာသနာရေးဦးစီးဌာန

၂။ ရွှေတိဂုံစေတီတော် ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး အကြံပေးပညာရှင်အဖွဲ့ (Advisory Team) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ရွှေတိဂုံစေတီတော်အား ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေးကိစ္စရပ်များ ပီပြင်စွာဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီအား စိစစ်အကြံပြုရန်၊

(ခ) ကမ္ဘာ့အမွေအနှစ်တင်သွင်းရေး လုပ်ငန်းစီမံချက်၊ နည်းပညာ၊ လိုအပ်ချက်များ ဆောင်ရွက်ရာတွင် လုပ်ငန်းကော်မတီအား အကြံပြု ကြီးကြပ်ပေးရန်၊

(ဂ) ဆက်စပ်ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစဉ်များအလိုက် ဆက်စပ်နိုင်မှုအပေါ် လုပ်ငန်းကော်မတီအား စိစစ်အကြံပြုရန်၊

(ဃ) ကမ္ဘာ့အမွေအနှစ်တင်သွင်းရာတွင် အဆိုပြုစာမူကြမ်း Nomination Dossier ရေးသားရာတွင် အချက်အလက်မှန်ကန်ရေး စံနှုန်းသတ်မှတ်မှုများနှင့် ဘောင်ဝင်စေရေး ရေးသားပြုစုနိုင်ရန်အတွက် လုပ်ငန်းကော်မတီအား အကြံပြုဆောင်ရွက်ရန်၊

(င) ကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ အမျိုးသားရေးမူဝါဒနှင့် လုပ်ငန်းဆိုင်ရာလမ်းညွှန်မှု၊ ဆုံးဖြတ်မှုနှင့်အညီ ဆောင်ရွက်နိုင်ရေး လုပ်ငန်းကော်မတီအား အကြံပြုပေးရန်၊

(စ) သက်ဆိုင်ရာအလိုက် ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများ၏ လုပ်ငန်းတာဝန်များကို မှန်ကန်ချောမွေ့စွာဆောင်ရွက်နိုင်ရေး ညှိနှိုင်းပေါင်းစပ်နိုင်ရေးလုပ်ငန်းကော်မတီအား အကြံပြုရန်၊

(ဆ) ဆောင်ရွက်နေသော ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများသည် UNESCO က သတ်မှတ်ထားသည့် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး **"မူ"** များ၊ လုပ်ငန်းစဉ်များနှင့် ကိုက်ညီမှုရှိစေရေး လုပ်ငန်းကော်မတီအား အကြံပြုရန်၊

(ဇ) ကမ္ဘာ့အမွေအနှစ်အဖြစ်တင်သွင်းရေး သတ်မှတ်အချိန်ပြီးစီးရေး လုပ်ငန်းကော်မတီအား တိုက်တွန်းအကြံပြုရန်။

သူရဦးအောင်ကို၊
ပြည်ထောင်စုဝန်ကြီး၊
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၅/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် ဝန်ထမ်း၏ဆန္ဒပြုလျှောက်ထားချက်အရ ရမည်းသင်းခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (နည်း) ဦးထွဏ်းလင်းမောင် အား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှစ၍ အလုပ်မှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၆/၂၀၁၇)**

၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၁/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် ဝန်ထမ်း၏ဆန္ဒပြုလျှောက်ထားချက်၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ စဝ်စံထွန်းဆေးရုံကြီး၏ ဆေးဘုတ်ထောက်ခံချက်များအရ လွိုင်လင်ခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) ဦးဝင်းကိုကို အား ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (ဂ) အရ နာမကျန်းအငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄/၂၀၁၇)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ချင်းပြည်နယ်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး၊ ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ဒေါက်တာမြတ်စံ အား ၂၀၁၇ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) နှစ်ပြည့်မည့် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်

( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက် )

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာမှ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၂၈၀,၀၀၀-၄,၀၀၀-၃၀၀,၀၀၀) ဒေါ်ခင်အေးမြင့်ရီ အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) နှစ်ပြည့်မည့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် )

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၆(၈)/၇/သမ္မတရုံး လမ်းညွှန်ချက်အရ မြန်မာအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (MICA) အား စနစ်တကျ ဖျက်သိမ်း၍ ခြံ၊ စက်ရုံ၊ လုပ်ငန်းစခန်းများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါ ကော်မတီအဆင့်ဆင့်အား ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည် -

(က) **စာရင်းရှင်းလင်းဖျက်သိမ်းရေးကြီးကြပ်မှုကော်မတီ**

(၁) ဒေါက်တာခင်ဇော် — ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး

(၂) ဒေါက်တာရဲထွန်းဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၃) ဦးခင်မောင်မော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ငါးလုပ်ငန်းဦးစီးဌာန

(၄) ဦးခန့်ဇော် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၅) ဦးလှထွန်း — အဖွဲ့ဝင်
ဒုတိယအမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး

(၆) ဦးဝေလင်းမောင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(ခ) **တာဝန်ဝတ္တရားများ**

(၁) ယခင်ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက်စွဲပါ စာအမှတ်၊ ဘခ-၃/၂၀ (၄၇၃/၂၀၁၃) ပါ ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာဆောင်ရွက်သွားရန်၊

(၂) ယခင်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်စွဲပါ စာအမှတ်၊ ဘခ-၃/၂၀ (၁၄၃၈/၂၀၁၃) ပါ စာရင်းပြုနည်းလမ်းများအတိုင်း ဆောင်ရွက်သွားရန်၊

(၃) ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်စွဲပါ စာအမှတ်၊ ၂ (၅) ၁၆-၁၈/နပတ (၇၄) ပါ အကြံပြုချက်အတိုင်း ကြီးကြပ်ဆောင်ရွက်သွားရန်၊

(၄) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်စွဲပါ စာအမှတ်၊ စဆ-၃/၂၀၅၉ (၀၇/၂၀၁၇) ပါ သဘောထားပြန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်သွားရန်၊

(၅) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်စွဲပါ စာအမှတ်၊ စဘ/စီမံ-၁/၃/၁၅/(၁၃၁၇/၂၀၁၇) ပါ သဘောထားပြန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်သွားရန်၊

(၆) (MICA) တွင် နိုင်ငံတော်မှ ရရန်ပိုင်ခွင့်များ၊ နိုင်ငံတော်သို့ပေးရန် တာဝန်များ ကျန်ရှိနေခြင်း ရှိ/မရှိ စိစစ်ရန်နှင့် အဆိုပါကိစ္စရပ်များကို ရှင်းလင်းပြတ်သားစွာ ဖော်ပြထားရှိရန်၊

(၇) သက်ဆိုင်ရာဝန်ကြီးဌာနမှ MICA အား ဖွဲ့စည်းတည်ထောင်ပြီးနောက် စာချုပ်များ ချုပ်ဆိုဆောင်ရွက်နိုင်ရေး လုပ်ပိုင်ခွင့်၊ အခွင့်အရေးအာဏာများ အပ်နှင်းခဲ့သည့် ကိစ္စများရှိခဲ့လျှင်လည်း အဆိုပါကိစ္စများအား ရှင်းလင်းဆောင်ရွက်သွားရန်။

(ဂ) **လုပ်ငန်းဆိုင်ရာ စာရင်းရှင်းလင်းဖျက်သိမ်းရေးကော်မတီ**

(၁) **အသားကဏ္ဍ**

| | | |
|---|---|---|
| (ကက) | ဒေါက်တာရဲထွန်းဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ဦးဇော်မင်းထွဋ်<br>လက်ထောက်အတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဂဂ) | ဒုတိယညွှန်ကြားရေးမှူး/လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဃဃ) | ဒုတိယညွှန်ကြားရေးမှူး/လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ငင) | ဒုတိယညွှန်ကြားရေးမှူး/လက်ထောက်ညွှန်ကြားရေးမှူး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စစ) | ဦးဝေလင်းမောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဆဆ) | ဦးမိုးဇော်<br>ညွှန်ကြားရေးမှူး<br>မွေးမြူရေးဌာန၊ အုပ်ချုပ်မှု (စီမံ)<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

(၂) **ငါးကဏ္ဍ**

| | | |
|---|---|---|
| (ကက) | ဦးခင်မောင်မော်<br>ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ဦးဇော်မင်းထွဋ်<br>လက်ထောက်အတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ဝင် |
| (ဂဂ) | ဒုတိယညွှန်ကြားရေးမှူး/လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | အဖွဲ့ဝင် |
| (ဃဃ) | ဒုတိယညွှန်ကြားရေးမှူး/လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | အဖွဲ့ဝင် |
| (ငင) | ဒုတိယညွှန်ကြားရေးမှူး/လက်ထောက်ညွှန်ကြားရေးမှူး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(စစ) ဦးဝေလင်းမောင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(ဆဆ) ဦးညွှန့်ခင် — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (စီမံ)
ငါးလုပ်ငန်းဦးစီးဌာန

(ဃ) **တာဝန်ဝတ္တရားများ**

(၁) ပုံသေပိုင်ပစ္စည်းများ လွှဲပြောင်းရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန၏ ၁၉၉၄ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ဘ-၈(၅)-၁(၉၄) အရ စာရင်းပြုစု၍ ဦးစီးဌာန ပုံသေပိုင်စာရင်းစာအုပ်တွင် မှတ်တမ်းတင်ထားရန်၊

(၂) ကုန်ပစ္စည်းလက်ကျန်များ လွှဲပြောင်းပေးပါက ဦးစီးဌာန၏စာရင်းတွင် စာရင်းပြောင်းရွှေ့သွင်းလွှာ (Transfer Entry) (ဦးစ-၁၀) ဖြင့် စာရင်းရေးသွင်းထားရန်၊

(၃) MICA အား ဖျက်သိမ်းခြင်းမပြုမီ MICA မှ ချုပ်ဆိုဆောင်ရွက်ထားသော စာချုပ်များနှင့် စပ်လျဉ်း၍ MICA နှင့် ယင်းစာချုပ်များချုပ်ဆိုခဲ့သည့် ကုမ္ပဏီလုပ်ငန်းရှင်များတို့အကြား ပေးရန်၊ ရရန်ကိစ္စများ ရှင်းလင်းဆောင်ရွက်သွားရန်၊

(၄) MICA အား ပြည်ထောင်စုအစိုးရအဖွဲ့မှ ဖျက်သိမ်းရန်ခွင့်ပြုခဲ့ပါက MICA အား ဖျက်သိမ်းခြင်း မပြုမီ MICA နှင့် ချုပ်ဆိုခဲ့သော စာချုပ်များပါ MICA ၏ တာဝန်ဝတ္တရားအားလုံးအား လွှဲပြောင်း လက်ခံမည့်ဌာနများသို့ လုပ်ငန်းတာဝန်နှင့် ဝတ္တရားများလွှဲပြောင်းသည့် သဘောတူစာချုပ် (Deed of Assignment) ချုပ်ဆို၍ လွှဲပြောင်းသွားရန်၊

(၅) MICA အား စနစ်တကျဖျက်သိမ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေအား လစဉ် စာရင်းရှင်းလင်းဖျက်သိမ်းရေးကြီးကြပ်မှုကော်မတီသို့ အစီရင်ခံ တင်ပြသွားရန်။

(င) **ဘဏ္ဍာရေးလုပ်ငန်းဆိုင်ရာစာရင်းရှင်းလင်းဖျက်သိမ်းရေးကော်မတီ**

(၁) ဒေါ်ညိုညိုဝင်း — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) ဒေါ်နော်ထိုင်းရီနာ — အဖွဲ့ဝင်
လက်ထောက်အတွင်းဝန်
ပြည်ထောင်စုဝန်ကြီးရုံး

(၃) ဒုတိယညွှန်ကြားရေးမှူး/လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(၄) ဒုတိယညွှန်ကြားရေးမှူး/လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(၅) ဒုတိယညွှန်ကြားရေးမှူး/လက်ထောက်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(၆) ဒေါ်ခင်မာဆွေ — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၇) ဦးဝေလင်းမောင် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

(၈) ဒေါ်ညိုညိုအေး — တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး
ငါးလုပ်ငန်းဦးစီးဌာန

(စ) **တာဝန်ဝတ္တရားများ**

(၁) MICA လုပ်ငန်းများ ရပ်ဆိုင်းသည့်အချိန်မှစ၍ ဦးစီးဌာနသို့သွတ်သွင်းခြင်း ကိစ္စရပ်များတွင် ဘဏ္ဍာရေးအခြေအနေများ ပေါ်လွင်စေရန်အတွက် လက်ကျန်ရှင်းတမ်းတစ်ရပ် ရေးဆွဲရပါမည်။ အဆိုပါ လက်ကျန်ရှင်းတမ်းအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ မစစ်ဆေးမီ သက်ဆိုင်ရာ အဖွဲ့အစည်းအကြီးအကဲမှ အတည်ပြုလက်မှတ်ရေးထိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) MICA ၏ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအတွင်း စာရင်းရှင်ဖွင့်လှစ်ထားသည့် UFA (OA) စာရင်းအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စာရင်းစစ်ဆေးမှုကို စနစ်တကျခံယူ၍ စာရင်း ပိတ်သိမ်းနိုင်ရေး ဆောင်ရွက်ရန်၊

(၃) ဘဏ်ရှိ ငွေလက်ကျန်များအား နိုင်ငံတော် (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန) သို့ ရငွေအဖြစ်ပေးသွင်းနိုင်ရေး ဆောင်ရွက်ရန်၊

(၄) ယခင်မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ဘတ်ဂျက်အသုံးပြု၍ ရင်းနှီးမြှုပ်နှံထားသော ပုံသေပိုင်ပစ္စည်းများ ရှိ/မရှိ စိစစ်ရန်၊

(၅) MICA အား စနစ်တကျဖျက်သိမ်း၍ ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်မည်ဆိုပါက စာရင်းဖွင့်လှစ်ထားသည့် UFA (OA) စာရင်းအား စာရင်းရှင်းလင်းပိတ်သိမ်းပြီးမှသာ ဝန်ကြီး ဌာန၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်ရန်၊

(၆) လုပ်ငန်းဆောင်ရွက်မည့် ဝန်ကြီးဌာနသည် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်း များကို ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ဘဏ္ဍာ ရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများအား နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေကို ထုတ်ယူသုံးစွဲရန်နှင့် ဝန်ကြီးဌာနအနေဖြင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်း ချမှတ်ဆောင်ရွက်သွားရန်၊

(၇) ငွေသားဆုံးရှုံးမှုများ၊ ပစ္စည်းဆုံးရှုံးမှုများနှင့်ပတ်သက်၍ စာရင်းမှပယ်ဖျက်ခွင့်ရရှိရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၄၂/၈၆) အရ ဆောင်ရွက်သွားရန်၊

(၈) MICA အား စနစ်တကျဖျက်သိမ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များ၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေအား လစဉ် စာရင်းရှင်းလင်းဖျက်သိမ်းရေးကြီးကြပ်မှု ကော်မတီသို့ အစီရင်ခံတင်ပြသွားရန်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၂၄ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန၊ အုပ်ချုပ်မှုဌာနခွဲ၊ ဘဏ္ဍာရေးဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်၏ ဆန္ဒပြုလျှောက်ထားချက်နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၈၁) တို့အရ ၎င်း၏

၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့အထိ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေးဌာန၊ အုပ်ချုပ်မှုဌာနခွဲ၊ ဘဏ္ဍာရေးဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် အား ငြင်းပယ်ထားသည့် အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်နေ့အထိ ခံစားခွင့်ပြုပြီး၊ ခွင့်ကုန်ဆုံးသည့် နောက်တစ်နေ့ဖြစ်သော ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၇

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အောက်ဖော်ပြပါ ဦးစီးမှူး လစာနှုန်း (၁၉၅,၀၀၀-၂,၀၀၀-၂၀၅,၀၀၀) (၅) ဦးတို့အား လက်ထောက်အင်ဂျင်နီယာ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| **စဉ်** | **အမည်** |
|---|---|
| ၁။ | ဦးကြည်မော် |
| ၂။ | ဒေါ်ဖြိုးဖြိုးအောင် |
| ၃။ | ဒေါ်ဝင်းမာဦး |
| ၄။ | ဦးကျော်ဇင်ဝင်း |
| ၅။ | ဒေါ်မြင့်မြင့်ခိုင် |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်စွဲပါ စာအမှတ်၊ ၃၀၀/၁-၁၇/အဖရ (မွန်) (၀၀၈၀) ပါ ညှိနှိုင်းချက်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၃(၉၅၈)/ထောက် ၂ ပါ အတည်ပြုချက်အရ မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ချောင်းဆုံမြို့နယ်၊ မြို့ဧရိယာအတွင်းရှိ မြို့ပေါ်ရပ်ကွက် (၃) ရပ်ကွက်ဖြစ်သော ချောင်းဆုံအရှေ့ရပ်ကွက်၊ ချောင်းဆုံအနောက်ရပ်ကွက်နှင့် ချောင်းဆုံ တိုးချဲ့ရပ်ကွက်တို့အား မြို့မြေငှားဂရန် ထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြို့ဧရိယာနယ်နိမိတ် စစ်ဆေးတိုင်းတာခြင်း၊ ကွက်ကျဲကွက်စိပ် တိုင်းတာခြင်း၊ နယ်နိမိတ်တိုင်များ စိုက်ထူခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော်မြေ နယ်သတ်အက်ဥပဒေ (The Burma Boundary Act 1880)၏ ပုဒ်မ (၂) အရ ချောင်းဆုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ ချောင်းဆုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၉/ ၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်စွဲပါ စာအမှတ်၊ ၂/၃-၃/၇ ဦး ၆ (၆၇၀) ပါ ညှိနှိုင်းချက်နှင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်စွဲပါ စာအမှတ်၊ ပထရ/၂-၃ (၉၅၈)/ထောက် ၂ ပါ အတည်ပြုချက်အရ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်သည် ဧရိယာ (၅၅၁) ဧက ကျယ်ဝန်းပြီး အိမ်ခြေ (၂၆၄၃) အနက် အိမ်ခြေ (၁၈၀) ခန့်သာ မြေငှားဂရန်ထုတ်ပေးနိုင်ခဲ့ပြီး မြို့မြေအဖြစ် သတ်မှတ်ထားသည့် မြေဧရိယာများမှာလည်း ကွက်စိပ်တိုင်းတာနိုင်ခြင်း မရှိသေးပါသဖြင့် စီမံခန့်ခွဲမှုလုပ်ငန်းများအား စနစ်တကျ ဆုံးဖြတ်နိုင်ရေးအတွက် ၁၈၈၀ ခုနှစ်၊ မြန်မာနိုင်ငံတော်မြေ နယ်သတ်အက်ဥပဒေ (The Burma Boundary Act 1880) ၏ ပုဒ်မ (၂) အရ နွားထိုးကြီးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ နွားထိုးကြီးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၁/ ၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

**ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ ဖွဲ့စည်းခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ပိုးသတ်ဆေးဥပဒေ ပုဒ်မ (၃)၊ ပုဒ်မခွဲ (က) အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် **“ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့”** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန<br>သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(၈) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကုန်သွယ်ရေးဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၉) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
စားသုံးသူရေးရာဦးစီးဌာန
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(၁၀) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(၁၁) ဒုတိယညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(၁၂) ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) — အဖွဲ့ဝင်
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၁၃) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လုပ်ငန်းခွင်နှင့်ပတ်ဝန်းကျင်ကျန်းမာရေးဌာနခွဲ
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

(၁၄) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

(၁၅) ညွှန်ကြားရေးမှူး — တွဲဖက်အတွင်းရေးမှူး
သီးနှံကာကွယ်ရေးဌာနခွဲ
စိုက်ပျိုးရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

၂။ အထက်ဖော်ပြပါ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့သည် ပိုးသတ်ဆေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပါသည်။

**(ဝန်ကြီးရုံး)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်
( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် )

အမှတ် ၃၂။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လစာနှုန်း (၃၁၀,၀၀၀-၄,၀၀၀-၃၃၀,၀၀၀) အဆင့်ရှိ **လက်ထောက်အထွေထွေမန်နေဂျာ** ဒေါ်ဥမ္မာကျော် အား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀- ၃၆၀,၀၀၀) အဆင့်ရှိ **ဒုတိယအထွေထွေမန်နေဂျာရာထူး** သို့ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂၈/၂၀၁၇)**

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

၁။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၏ သဘောတူဆုံးဖြတ်ချက်အရ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေကြောင်းအန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနခွဲမှ ညွှန်ကြားရေးမှူး လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) ဦးမြင့်ဦး အား ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားခြင်းကို နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်များအရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှ စတင်၍ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၃၃/၂၀၁၇)**

၁။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အထွေထွေမန်နေဂျာ လစာနှုန်း (၃၈၀,၀၀၀-၄,၀၀၀-၄၀၀,၀၀၀) ဦးမောင်မောင်လွင် (၈၀၂၁၈၇) အား နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ (၂၂) နှင့် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါပြဋ္ဌာန်းချက်များအရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့အထိ ခံစားခွင့်ပြုလိုက်သည်။

၂။ ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှစ၍ ၎င်းအား နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ (၅၆)၊ ပုဒ်မခွဲ (က)၊ ပုဒ်မ (၅၇) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ (၂၃၃)၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၇)**

၁၃၇၈ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် )

**Dalbergia မျိုးစိတ်များအား CITES Appendix II သို့ စာရင်းထည့်သွင်းခြင်း**

၁။ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှ အောက်တိုဘာလ ၅ ရက်နေ့အထိ တောင်အာဖရိက နိုင်ငံ၊ ဂျိုဟန္နစဘက်မြို့၌ ကျင်းပခဲ့သည့် မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွန်ဗင်းရှင်း (Convention on International Trade in Endangered Species of Wild Fauna and Flora-CITES) ၏ (၁၇) ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေး ဆုံးဖြတ်ချက်နှင့် CITES ကွန်ဗင်းရှင်းမှ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့၌ ထုတ်ပြန်သည့် ကြေညာချက် အမှတ် (၂၀၁၆/၀၅၇) အရ CITES Appendix I စာရင်းဝင် Dalbergia မျိုးစိတ်များမှလွဲ၍ ကျန်ရှိသည့် Dalbergia မျိုးစိတ်များအား CITES Appendix II သို့ ထည့်သွင်းပြီးဖြစ်ကြောင်းနှင့် အစည်းအဝေးတွင် အတည်ပြုသည့် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့မှ ရက်ပေါင်း (၉၀) ပြည့်သည့်နေ့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ နောက်ပိုင်းတွင် စတင်အသက်ဝင်မည်ဖြစ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန် လိုက်သည်။

၂။ စတင်အသက်ဝင်သည့် နေ့ရက်မှစ၍ Dalbergia မျိုးစိတ်များနှင့်ပတ်သက်သည့် သစ်လုံး၊ သစ်ခွဲသားနှင့် သစ်ပါးလွှာ၊ ကုန်ပစ္စည်းများ၊ ပရိဘောဂများ၊ ဆင့်ပွားပစ္စည်းများကို တင်ပို့ခြင်း၊ တင်သွင်းခြင်း သို့မဟုတ် ထပ်ဆင့်တင်ပို့ခြင်းတို့အတွက် သက်ဆိုင်ရာနိုင်ငံ၏ CITES Management Authority မှ ထုတ်ပေးသည့် CITES Export Permit၊ CITES Import Permit သို့မဟုတ် CITES Re-Export Permit ပူးတွဲပါရှိရန်နှင့် စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်မှုမှ ထွက်ရှိသည့် တရားဝင်သစ်များဖြစ်ရမည် ဖြစ်သည်။

၃။ CITES ၏ ကြေညာချက်အမှတ် (၂၀၁၆/၀၅၇) အရ CITES Appendix II စာရင်းဝင် Dalbergia မျိုးစိတ်များအား အောက်ပါအတိုင်း သတ်မှတ်ထားသည် -

(က) Fabaceae မျိုးရင်းဖြစ်သည့် CITES Appendix I စာရင်းဝင် Dalbergia မျိုးစိတ်များမှလွဲ၍ ကျန်ရှိသည့် Dalbergia မျိုးစိတ်အားလုံးသည် CITES Appendix II စာရင်းဝင်မျိုးစိတ်များ ဖြစ်သည်၊

(ခ) CITES Appendix II စာရင်းဝင် Dalbergia မျိုးစိတ်များ၏ အောက်ဖော်ပြပါတို့မှလွဲ၍ ကျန်အစိတ်အပိုင်းများ၊ ဆင့်ပွားပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများအားလုံးတို့သည် CITES Appendix II သတ်မှတ်ချက်တွင် အကျုံးဝင်သည် -

(၁) အရွက်၊ အပွင့်၊ ဝတ်မှုန်၊ အသီး၊ အစေ့၊

(၂) စုစုပေါင်းအလေးချိန် (၁၀) ကီလိုဂရမ်ထက် မပိုသော စီးပွားဖြစ်မဟုတ်သည့် တင်ပို့ခြင်း၊

(၃) Annotation # 4 တွင် အကျုံးဝင်သည့် *Dalbergia cochinchinensis* ၏ အစိတ်အပိုင်းများနှင့် ဆင့်ပွားပစ္စည်းများနှင့် Annotation # 6 တွင် အကျုံးဝင်သည့် မက္ကဆီကိုနိုင်ငံမှ တင်ပို့သည့် ဒေသရင်း Dalbergia မျိုးစိတ်များ၏ အစိတ်အပိုင်းများနှင့် ဆင့်ပွားပစ္စည်းများ။ [**Annotation # 4 နှင့် Annotation # 6 တို့အပေါ် ရှင်းလင်းချက်အား နောက်ဆက်တွဲ (က) ဖြင့် ဖော်ပြထားပါသည်။**]

၄။ မြန်မာနိုင်ငံတွင် မှတ်တမ်းတင်ထားသည့် Dalbergia မျိုးစိတ်များကို နောက်ဆက်တွဲ (ခ) ဖြင့် ဖော်ပြထားပါသည်။

၅။ Dalbergia မျိုးစိတ်များနှင့်ပတ်သက်၍ CITES မှ နောက်ထပ်ပြင်ဆင်မှု တစ်စုံတစ်ရာ မပြုလုပ်မချင်း ယခုအမိန့်သည် အတည်ဖြစ်သည်။

(ပုံ) အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

## Dalbergia မျိုးစိတ်များအား CITES Appendix II သို့ စာရင်းထည့်သွင်းခြင်း အမိန့်ကြော်ငြာစာနှင့်ပတ်သက်သည့် နောက်ဆက်တွဲ ဖော်ပြချက်များ

### နောက်ဆက်တွဲ (က) Annotation # 4 နှင့် Annotation # 6 အား ရှင်းလင်းတင်ပြချက်

**Annotation # 4**

အောက်ဖော်ပြပါတို့မှလွဲ၍ ကျန်ရှိသည့် Dalbergia မျိုးစိတ်များ၏ အစိတ်အပိုင်းများနှင့် ဆင့်ပွား ပစ္စည်းများအားလုံးသည် CITES Appendix II စာရင်းဝင်မျိုးစိတ်များဖြစ်သည် -

(က) အစေ့များ (Orchidaceae မျိုးရင်း၏ အစေ့တောင့်များပါဝင်သည်)၊ မျိုးစေ့များနှင့် ဝတ်မှုန်များ။ ခြွင်းချက်များသည် မက္ကဆီကိုနိုင်ငံမှ တင်ပို့သည့် Cactaceae မျိုးစိတ်များ၊ Madagascar နိုင်ငံမှ တင်ပို့သည် *Beccariophoenix madagascariensis* နှင့် *Neodypsis Decaryi* မျိုးစိတ်များ၏ အစေ့များအတွက် အကျုံးမဝင်ပါ၊

( ခ ) ပိုးသတ်ထားသည့် ဖန်ခွက် (Container) များဖြင့် သယ်ဆောင်မည့် အစိုင်အခဲ (သို့) အရည် (သို့) ဖန်ပြွန်ချောင်းများဖြင့် မျိုးပွားခြင်းမှ ရရှိထားသည့် အပင်ပေါက်များနှင့် တစ်ရှူး (Tissue culture) များ၊

( ဂ ) ပဝတ္တိနည်းဖြင့် အပင်ပိုင်းမျိုးပွားခြင်းမှ ရရှိထားသည့် ဖြတ်ပန်းများ၊

(ဃ) သဘာဝနည်းဖြင့်ဖြစ်စေ၊ ပဝတ္တိနည်းဖြင့်ဖြစ်စေ မျိုးပွားထားသည့် Orchidaceae မျိုးရင်းဝင် Vanilla မျိုးစုများနှင့် Cactaceae မျိုးရင်းများမှ ရရှိသည့်အသီးများ၊ အစိတ်အပိုင်းများနှင့် ဆင့်ပွားပစ္စည်းများ၊

( င ) သဘာဝနည်းဖြင့်ဖြစ်စေ၊ ပဝတ္တိနည်းဖြင့်ဖြစ်စေ မျိုးပွားထားသည့် Cactaceae မျိုးရင်းဝင် Opuntia မျိုးစုများ၏ မျိုးစုခွဲများဖြစ်သည့် Opuntia နှင့် Selenicereus တို့၏ ပင်စည်များ၊ ပန်းပွင့်များ၊ အစိတ်အပိုင်းများနှင့် ဆင့်ပွားပစ္စည်းများ၊

( စ ) လက်လီရောင်းချနိုင်ရေး သယ်ယူပို့ဆောင်ရန် အသင့်ဖြစ်နေသည့် ထုပ်ပိုးထားသည့် *Euphorbia antisyphilitica* မျိုးစိတ်၏ အချောထည်ပစ္စည်းများ။

**Annotation # 6**

မက္ကဆီကိုနိုင်ငံမှ တင်ပို့သည့် ဒေသရင်း Dalbergia မျိုးစိတ်များ၏ သစ်လုံးများ၊ သစ်ခွဲသားများ၊ သစ်ပါးလွှာများ၊ အထပ်သားများ။

## နောက်ဆက်တွဲ (ခ) မြန်မာနိုင်ငံတွင် မှတ်တမ်းတင်ထားသည့် Dalbergia မျိုးစိတ်များ

| စဉ် | မျိုးစိတ်အမည် | အပင်အမျိုးအစား | မြန်မာအမည် | အင်္ဂလိပ်အမည် |
|---|---|---|---|---|
| ၁ | *Dalbergia assamica* | သစ်ပင် | | Medeloa |
| ၂ | *Dalbergia burmanica* | အပင်ငယ် | တမလန်းဖို | |
| ၃ | *Dalbergia cana* | သစ်ပင် | ရစ်မောင်စာ | |
| ၄ | *Dalbergia collettii* | သစ်ပင် | မဒမ | |
| ၅ | *Dalbergia confertiflora* | နွယ်ပင် | | |
| ၆ | *Dalbergia congesta* | နွယ်ပင် | | |
| ၇ | *Dalbergia cultrata* | သစ်ပင် | ရင်းတိုက် | |
| ၈ | *Dalbergia cumingiana* | သစ်ပင် | | |
| ၉ | *Dalbergia foliacea* | နွယ်ပင် | ဒေါင့်တလောင် | |
| ၁၀ | *Dalbergia fusca* | သစ်ပင် | ရင်းစပ် | |
| ၁၁ | *Dalbergia glomeriflora* | သစ်ပင် | | |
| ၁၂ | *Dalbergia hemsleyi* | အပင်ငယ် | တမလန်းဖို | |
| ၁၃ | *Dalbergia henryana* | အပင်ငယ် | | |
| ၁၄ | *Dalbergia junghuhnii* | သစ်ပင် | | Kayu-lakka |
| ၁၅ | *Dalbergia kerrii* | သစ်ပင် | | |
| ၁၆ | *Dalbergia kingiana* | ချုံပင် | | |
| ၁၇ | *Dalbergia kurzii* | သစ်ပင် | သစ်ပုတ် | |
| ၁၈ | *Dalbergia lacei* | သစ်ပင် | | |
| ၁၉ | *Dalbergia lanceolaria* | သစ်ပင် | သစ်ပုဂံ | |
| ၂၀ | *Dalbergia latifolia* | သစ်ပင် | | |
| ၂၁ | *Dalbergia maymyensis* | သစ်ပင် | ရင်းတိုက် | |
| ၂၂ | *Dalbergia muliflora* | သစ်ပင် | သစ်ပုဂံ | |
| ၂၃ | *Dalbergia nigrescens* | သစ်ပင် | သစ်နနွင်း | |
| ၂၄ | *Dalbergia obtusifolia* | သစ်ပင် | မှုဆိုးမ | |
| ၂၅ | *Dalbergia oliveri* | သစ်ပင် | တမလန်း | |
| ၂၆ | *Dalbergia ovata* | သစ်ပင် | ကြို့ဖိုရွက်သေး/ မဒမ | |
| ၂၇ | *Dalbergia paniculata* | သစ်ပင် | သစ်ဆနွင်း | |
| ၂၈ | *Dalbergia peguensis* | သစ်ပင် | | |
| ၂၉ | *Dalbergia pinnata* | သစ်ပင် | မန်ကျည်းနွယ် | |
| ၃၀ | *Dalbergia prainii* | သစ်ပင် | | |
| ၃၁ | *Dalbergia prazeri* | သစ်ပင် | တမလန်းဖို | |
| ၃၂ | *Dalbergia pseudo-ovata* | သစ်ပင် | | |
| ၃၃ | *Dalbergia purpurea* | သစ်ပင် | | |
| ၃၄ | *Dalbergia reniformis* | သစ်ပင် | ရေမန်ကျည်း | |
| ၃၅ | *Dalbergia rimosa* | အပင်ငယ် | ဒေါင့်တလောင့် | |
| ၃၆ | *Dalbergia rubiginosa* | နွယ်ပင် | | |
| ၃၇ | *Dalbergia sisoo* | သစ်ပင် | ကုလားပိတောက် | |
| ၃၈ | *Dalbergia spinosa* | ချုံပင် | ရေချင်းယား | |
| ၃၉ | *Dalbergia stipulacea* | နွယ်ပင် | ဒေါင့်တလောင် | |
| ၄၀ | *Dalbergia torta* | နွယ်ပင် | | |
| ၄၁ | *Dalbergia velutina* | နွယ်ပင် | | |
| ၄၂ | *Dalbergia velutina var. maingayi* | နွယ်ပင် | | |
| ၄၃ | *Dalbergia volubilis* | နွယ်ပင် | ဒေါင့်တလောင် | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၀၅၈/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၇) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနမှ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) တန်း ညွှန်ကြားရေးမှူး (စီမံ) ဦးမျိုးတင့် အား အသက် (၆၀) နှစ်မပြည့်မီ ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ခံစားခွင့်မပြုဘဲ ငြင်းပယ်လျက် (၆၀) နှစ်ပြည့်ပြီး နောက်တစ်နေ့ဖြစ်သည့် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၅ ရက်နေ့ နံနက်ပိုင်းမှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့ ညနေပိုင်းအထိ ငြင်းပယ်ခွင့် (၄) လ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၄ ရက်နေ့ ညနေပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၀၆၆/၂၀၁၇)

နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

(၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတို့မှ အောက်ဖော်ပြပါ လစာနှုန်း (၃၄၀,၀၀၀-၄,၀၀၀-၃၆၀,၀၀၀) တန်း ဒုတိယ အင်ဂျင်နီယာချုပ် အရာထမ်း (၃) ဦးအား လုပ်ငန်းလိုအပ်ချက်အရ ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြပါ ဌာနများသို့ လက်ရှိရာထူး၊ လစာနှုန်းအဆင့်ဖြင့်ပင် ပြောင်းရွှေ့တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | လက်ရှိ<br>ရာထူး/ဌာန | ပြောင်းရွှေ့တာဝန်<br>ချထားသည့် ရာထူး/ဌာန |
|---|---|---|---|
| (၁) | ဦးသန်းစိုး | ဒုတိယအင်ဂျင်နီယာချုပ်<br>သထုံသဘာဝဓာတ်ငွေ့သုံး<br>ဓာတ်အားပေးစက်ရုံ၊<br>လျှပ်စစ်ဓာတ်အား<br>ထုတ်လုပ်ရေးလုပ်ငန်း | ဒုတိယအင်ဂျင်နီယာချုပ်<br>ရွာမသဘာဝဓာတ်ငွေ့သုံး<br>ဓာတ်အားပေးစက်ရုံ၊<br>လျှပ်စစ်ဓာတ်အား<br>ထုတ်လုပ်ရေးလုပ်ငန်း |
| (၂) | ဦးဝင်းဗိုလ် | ဒုတိယအင်ဂျင်နီယာချုပ်<br>(ရုံးချုပ်)<br>ဓာတ်အားဖြန့်ဖြူးရေးဌာန၊<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ဒုတိယအင်ဂျင်နီယာချုပ်<br>တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ<br>ပဲခူးတိုင်းဒေသကြီး (အနောက်)<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း |
| (၃) | ဦးဝင်းဘို | ဒုတိယအင်ဂျင်နီယာချုပ်<br>(ရုံးချုပ်)<br>အင်ဂျင်နီယာထောက်ကူဌာန<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ဒုတိယအင်ဂျင်နီယာချုပ်<br>(ရုံးချုပ်)<br>ဓာတ်အားဖြန့်ဖြူးရေးဌာန၊<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း |

ဖေဇင်ထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၃၅/ ၂၀၁၆-၂၀၁၇)**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်)

၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/ ၂၀၁၇) ၏ သဘောတူညီချက်အရ စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) ရှိ မူဝါဒနှင့်ပြည်ပရေးရာဌာနမှ လစာနှုန်း (၂၅၀,၀၀၀-၄,၀၀၀-၂၇၀,၀၀၀) တန်း ဌာနခွဲမှူး ဒေါ်စုဝေမိုး အား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၌ လစ်လပ်လျက်ရှိသည့် လစာနှုန်းတူ လက်ထောက်အင်ဂျင်နီယာရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တာဝန်ဝတ္တရားများကို စတင်စွန့်လွှတ်သည့်နေ့မှစ၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသို့ အပြီးအပိုင် လွှဲပြောင်းပေးလိုက်သည်။

ခင်မောင်ချို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၇**

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်)

**အနိမ့်ဆုံးတန်ဖိုးပမာဏနှင့် အကောက်ခွန်နှုန်းလိုင်းသစ် သတ်မှတ်ခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အကောက်ခွန်ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီစေရေးဆိုင်ရာ ဆောင်ရွက်ချက်များအရ နိုင်ငံတကာအကောက်ခွန်အဖွဲ့များမှ ကျင့်သုံးဆောင်ရွက်လျက်ရှိသော အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီဖြစ်စေရေးအတွက် အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့်ကုန်စည်များ (Express Consignment Cargo) အပေါ် အခွန်အခများကင်းလွတ်ခွင့်ပြုနိုင်သည့် အနိမ့်ဆုံးတန်ဖိုးပမာဏတစ်ရပ် (Deminimis value threshold) သတ်မှတ်ခြင်းအား ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ (ခ) အရသော်လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၉ (ခ) အရသော်လည်းကောင်း အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်လိုက်သည်။

၂။ လေကြောင်းမှတင်သွင်းသည့် အလျင်အမြန်ပေးပို့ ထုတ်ယူလိုသည့်ကုန်စည်များ (Express Consignment Cargo) ကို တင်သွင်းမှုတစ်ခုချင်း၏ အနိမ့်ဆုံးတန်ဖိုးပမာဏတစ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုရာတွင် တင်သွင်းမှုတစ်ခုချင်း၏ စုစုပေါင်းတန်ဖိုးပမာဏကို အမေရိကန်ဒေါ်လာ (၅၀) အထိအား ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၂၃ နှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၈ (က) (၁) များအရ အခွန်ကင်းလွတ်ခွင့်ဖြင့် ထုတ်ယူခွင့်ပြုမည်။

၃။ အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့်ကုန်စည်များ (Express Consignment Cargo) အတွက် အကောက်ခွန်နှုန်းဥပဒေ၏အခန်း (၂)၊ ပုဒ်မ ၃ (က) (ဃ) တို့အရ မြန်မာအကောက်ခွန်နှုန်းထားစာအုပ် (၂၀၁၂) ၏ အခန်း (၉၈) တွင် အကောက်ခွန်နှုန်းလိုင်း (၉,၈၉၀,၀၀၀,၀၀၀) ဖြင့် သတ်မှတ်လိုက်သည်။

၄။ အနိမ့်ဆုံးတန်ဖိုးပမာဏတစ်ရပ်ဖြင့် အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့်ကုန်စည်များ (Express Consignment Cargo) အတွက် အကောက်ခွန်ဦးစီးဌာနတွင် ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း၊ တန်ဖိုးသတ်မှတ်ခြင်း၊ အခွန်အခစည်းကြပ်တွက်ချက်ပေးဆောင်ခြင်း စသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် မလိုဘဲ အကောက်ခွန်ကြေညာလွှာနှင့် လိုအပ်သည့်စာရွက်စာတမ်းများ ပူးတွဲတင်သွင်း၍ ထုတ်ယူခွင့်ပြုမည်။

၅။ အနိမ့်ဆုံးတန်ဖိုးပမာဏဖြင့် ကြေညာထုတ်ယူလိုသည့် ပုဂ္ဂိုလ် သို့မဟုတ် ၎င်းမှလွှဲအပ်ထားသော ကိုယ်စားလှယ်တို့သည် မိမိတင်သွင်းမည့် အကောက်ခွန်ကြေညာလွှာပါအချက်အလက်များ မှန်ကန်မှု ရှိကြောင်း တာဝန်ယူရမည်ဖြစ်ပြီး အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) အနိမ့်ဆုံးတန်ဖိုးပမာဏဖြင့် အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့်ကုန်စည်များ (Express Consignment Cargo) သည် တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအရ တားမြစ်၊ ပိတ်ပင်၊ ကန့်သတ်ထားသည့်ပစ္စည်းများ မဖြစ်စေရ။

(ခ) အခြားသောဌာနဆိုင်ရာများ၏ ထောက်ခံချက်ရယူရန် လိုအပ်သည့်ပစ္စည်းဖြစ်ပါက ထောက်ခံချက် ရယူ၍ ပူးတွဲတင်ပြရမည်။

(ဂ) တင်သွင်းပစ္စည်းနှင့်စပ်လျဉ်း၍ အကောက်ခွန်အရာရှိမှ အသေးစိတ်စစ်ဆေးရန် ထပ်မံတောင်းခံသည့်အခါ ငွေပေးချေရေးဆိုင်ရာ စာရွက်စာတမ်းများအပါအဝင် အခြားအထောက်အထားများအား ပြည့်စုံစွာတင်ပြပေးရမည်။

၆။ အနိမ့်ဆုံးတန်ဖိုးပမာဏဖြင့် အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့်ကုန်စည်များ (Express Consignment Cargo) အတွက် အခွန်အခများကင်းလွတ်ခွင့်ရရှိရန်ရည်ရွယ်ချက်ဖြင့် အကောက်ခွန် ကြေညာလွှာပါ အချက်အလက်များအား မမှန်မကန်ကြေညာကြောင်း စစ်ဆေးတွေ့ရှိပါက ပင်လယ်ကြောင်းအကောက်ခွန် အက်ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေများအရ အရေးယူခြင်းခံရမည်။

၇။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၇
## အနိမ့်ဆုံးတန်ဖိုးပမာဏတစ်ရပ်သတ်မှတ်ခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အကောက်ခွန်ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီစေရေးဆိုင်ရာ ဆောင်ရွက်ချက်များအရ နိုင်ငံတကာအကောက်ခွန်အဖွဲ့များမှ ကျင့်သုံးဆောင်ရွက်လျက်ရှိသော အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရေးအတွက် Express Consignment (အလျင်အမြန်ပေးပို့ ထုတ်ယူလိုသည့်ကုန်စည်များ) အပေါ် အခွန်အခများကင်းလွတ်ခွင့်ပြုနိုင်သည့် အနိမ့်ဆုံးတန်ဖိုးပမာဏတစ်ရပ် (Deminimis value threshold) သတ်မှတ်ခြင်းအား ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ (ခ) အရသော်လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၉ (ခ) အရသော်လည်းကောင်း အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန် သတ်မှတ်လိုက်သည်။

၂။ လေကြောင်းမှတစ်ဆင့်ဝင်ရောက်လာသည့် လျင်မြန်မှုဖြင့် ပေးပို့တင်သွင်းလိုသောကုန်ပစ္စည်းများ (Express Consignment Cargo) အတွက် အနိမ့်ဆုံးတန်ဖိုးပမာဏတစ်ရပ်ဖြင့် ဆောင်ရွက်ခွင့်ပြုရာတွင် တင်သွင်းမှုတစ်ခုချင်း၏စုစုပေါင်းတန်ဖိုးပမာဏ အမေရိကန်ဒေါ်လာ (၅၀) အထိအား ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၂၃ နှင့် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၈ (က) (၁) များအရ ကင်းလွတ်ခွင့်ဖြင့် ထုတ်ယူခွင့်ပြုမည်ဖြစ်သည်။

၃။ အနိမ့်ဆုံးတန်ဖိုးပမာဏတစ်ရပ်ဖြင့် ပေးပို့တင်သွင်းလိုသည့်ကုန်ပစ္စည်းများ (Express Consignment Cargo) အတွက် အကောက်ခွန်တွင် ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း၊ တန်ဖိုးသတ်မှတ်ခြင်း၊ အခွန်အခ စည်းကြပ်တွက်ချက်ပေးဆောင်ခြင်း စသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်မလိုဘဲ သတ်မှတ်ထားရှိသည့် တန်ဖိုးအဆင့်တစ်ခုဖြင့် အကောက်ခွန်ကြေညာလွှာတင်သွင်း၍ ထုတ်ယူနိုင်သည်။

၄။ အနိမ့်ဆုံးတန်ဖိုးပမာဏဖြင့် ကြေညာထုတ်ယူလိုသည့် တင်သွင်းသူ သို့မဟုတ် ၎င်းမှလွှဲအပ်ထားသော ကိုယ်စားလှယ်တို့သည် မိမိတင်သွင်းမည့် အကောက်ခွန်ကြေညာလွှာပါ အချက်အလက်များနှင့်စပ်လျဉ်း၍ မှန်ကန်မှုရှိကြောင်း တာဝန်ခံရမည်ဖြစ်သကဲ့သို့ အောက်ပါကန့်သတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) တင်သွင်းမည့်ပစ္စည်းသည် တန်ဖိုးအမေရိကန်ဒေါ်လာ (၅၀) အောက် မည်မျှပင်လျော့နည်းစေကာမူ တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအရ တားမြစ်၊ ပိတ်ပင်၊ ကန့်သတ်ထားသည့် ပစ္စည်းများမဖြစ်စေရ။

(ခ) အခြားသောဌာနဆိုင်ရာများ၏ ထောက်ခံချက်ရယူရန် လိုအပ်သည့်ပစ္စည်းဖြစ်ပါက ထောက်ခံချက် ရယူ၍ ပူးတွဲတင်ပြရမည်။

(ဂ) တင်သွင်းပစ္စည်းနှင့်စပ်လျဉ်း၍ အကောက်ခွန်အရာရှိမှ အသေးစိတ်စစ်ဆေးရန် လိုအပ်သည့်အခါ တွင် ငွေပေးချေရေးဆိုင်ရာ စာရွက်စာတမ်းများအပါအဝင် အခြားအချက်အလက်များအား ထပ်မံ တောင်းခံပါက ပြည့်စုံစွာတင်ပြပေးရမည်။

၅။ အနိမ့်ဆုံးတန်ဖိုးပမာဏဖြင့် အခွန်အခများ ကင်းလွတ်ခွင့်ရရှိရန်ရည်ရွယ်ချက်ဖြင့် အကောက်ခွန် ကြေညာလွှာပါအချက်အလက်များအား မမှန်မကန်ကြေညာကြောင်း စစ်ဆေးတွေ့ရှိပါက ပင်လယ်ကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၆၇ အရ အရေးယူခြင်းခံရမည်။

၆။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ကျော်ဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

၁၃၇၈ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်)

အမှတ် ၁၁ ။ ။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၂ (က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ၎င်းနှင့်ယှဉ်တွဲဖော်ပြထားသောဒေသရှိ စီမံအုပ်ချုပ်ရသည့် အစိုးရအိမ်ဥပစာအတွက် အခွင့်ရအာဏာပိုင်၏ တာဝန်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ မတ်လ ၈ ရက်နေ့မှစ၍ စတင်ဆောင်ရွက်ရန် အာဏာအပ်နှင်း လိုက်သည် -

| **အမှတ်စဉ်** | **အာဏာအပ်နှင်းခြင်းခံရသူ** | **ဒေသ** |
|---|---|---|
| (၁) | ဦးမျိုးမင်းဇော်<br>ဦးစီးအရာရှိ၊ ရွှေဘိုခရိုင်ရုံး၊<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး<br>ဦးစီးဌာန | စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊<br>ရေဦးမြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ အကွက်အမှတ်<br>(၆ ဈေးသစ်တောင်)၊ ဦးပိုင်အမှတ် (၄၅ဃ)၊<br>မြေကွက်အမှတ် (၂၆၉)၊ မြေဧရိယာ (၀. ၂၀၂) ဧက |

အခွင့်အာဏာ။ [၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၇) အရ]

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
(၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်)

အမှတ် ၁၂ ။ ။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၂ (က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ၎င်းနှင့်ယှဉ်တွဲဖော်ပြထားသောဒေသရှိ စီမံအုပ်ချုပ်ရသည့် အစိုးရအိမ်ဥပစာအတွက် အခွင့်ရအာဏာပိုင်၏ တာဝန်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှစ၍ စတင်ဆောင်ရွက်ရန် အာဏာအပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အာဏာအပ်နှင်းခြင်းခံရသူ** | **ဒေသ** |
|---|---|---|
| (၁) | ဒေါ်စိုးစိုးဝင်း<br>ဦးစီးအရာရှိ၊ မုံရွာခရိုင်ရုံး၊<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး<br>ဦးစီးဌာန | စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ အရာတော် (၁) ရပ်ကွက်၊ ကွင်းအမှတ် (၇/ကန်မကြီး)၊ ဦးပိုင်အမှတ် (၃၉)၊ မြေကွက်အမှတ် (၁၅၁)၊ မြေဧရိယာ (၀. ၆၂) ဧက |

အခွင့်အာဏာ။ [၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၇) အရ]

အမှတ် ၁၃ ။ ။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေ ပုဒ်မ ၂ (က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အောက်ဖော်ပြပါ ပုဂ္ဂိုလ်အား ၎င်းနှင့်ယှဉ်တွဲဖော်ပြထားသောဒေသရှိ စီမံအုပ်ချုပ်ရသည့် အစိုးရအိမ်ဥပစာအတွက် အခွင့်ရအာဏာပိုင်၏ တာဝန်ဝတ္တရားများကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှစ၍ စတင်ဆောင်ရွက်ရန် အာဏာအပ်နှင်းလိုက်သည်-

| **အမှတ်စဉ်** | **အာဏာအပ်နှင်းခြင်းခံရသူ** | **ဒေသ** |
|---|---|---|
| (၁) | ဦးခင်မောင်လှိုင်<br>ညွှန်ကြားရေးမှူး<br>ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူး<br>စားသုံးသူရေးရာဦးစီးဌာန | ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဟင်္သာတမြို့နယ်၊ ပတ္တမြားရပ်ကွက်၊ ကွင်းအမှတ် (၃၄၊ ပတ္တမြားချောင်အရပ်)၊ ဦးပိုင်အမှတ် (၃၄ᵍ)၊ မြေဧရိယာ (၀. ၆၅၉) ဧက |

အခွင့်အာဏာ။ [၂၀၁၇ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၇) အရ]

